# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 6, 2020 Volume 34, Number 3


**၆.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၂၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၀/- ကျပ် |
| CBM Rate | = ၁၃၅၆.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၉.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၄.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၀၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၆၁၀ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉၈
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ဆိပ်ကမ်းများကို အိန္ဒိယနှင့် ပင်လယ်ကမ်းရိုးတန်းဒေသနိုင်ငံဆိပ်ကမ်းများနှင့် ချိတ်ဆက်နိုင်ရန် တည်ဆောက်နေကြောင်း စီးပွားကူးသန်းဒုတိယဝန်ကြီးပြောကြား

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ဆိပ်ကမ်းများအား အိန္ဒိယနှင့်ပင်လယ်ကမ်းရိုးတန်းဒေသနိုင်ငံ ဆိပ်ကမ်းများနှင့် ချိတ်ဆက်နိုင်ရန် တည်ဆောက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ဩဂုတ် ၄ ရက်တွင် Confederation of Indian Industry (CII) မှ ကျင်းပသော INDO ASEAN Oceanic Business Summit & Expo ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Guest of Honor အဖြစ် တက်ရောက်အမှာစကားပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ဒုတိယဝန်ကြီးက ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်တွင် သဘောတူလက်မှတ် ရေးထိုးနိုင်ရန် မျှော်မှန်းထားကြောင်း၊ ထိုသို့ရေးထိုးနိုင်ပါက ပွင့်လင်း၍အလုံးစုံပါဝင်သည့် နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ပိုမိုပေါင်းစည်း ပါဝင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသ ဖြစ်လာမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးသက်ရောက်မှုများအား တုံ့ပြန်နိုင်ရန်၊ ကိုဗစ်-၁၉ အလွန် New Normal ပုံစံသစ်တွင် ပိုမိုကြံ့ခိုင်၍ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်တို့အတွက် အပြန်အလှန် လေးစားယုံကြည်မှုဖြင့် ပူးပေါင်းလက်တွဲရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ကပ်ရောဂါကာလအတွင်း အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးစနစ်သည် ကမ္ဘာ့ကုန်သွယ်ရေးအတွက် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်လာသည်ကိုမြင်တွေ့ရပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရန် အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေးပြန်လည်ကုစားမှု အစီအမံများကို ရေးဆွဲဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ဆိပ်ကမ်းများအား အိန္ဒိယနှင့်ပင်လယ်ကမ်းဒေသနိုင်ငံ ဆိပ်ကမ်းများနှင့် ချိတ်ဆက်နိုင်ရန် တည်ဆောက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ အစည်းအဝေးသို့ အိန္ဒိယ၊ ဖီဂျီ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/185972

## မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂ ဒသမ ၂၅ သန်းကျော် ပြည်ပသို့တင်ပို့ထား



မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုသည် ယခုဘဏ္ဍာနှစ်အတွင်း အောက်တိုဘာလ ၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ စုစုပေါင်း တန်ချိန် ၂ ဒသမ ၂၅ သန်းကျော် တင်ပို့ထားပြီး လျာထားချက်ပြည့်မီမည့် အနေအထားရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်က ဆင်ဟွာသို့ ယနေ့တွင်ပြောကြားခဲ့သည်။ "လျာထားချက်ကတော့ ကျွန်တော်တို့က ၂ ဒသမ ၄ သန်းဆိုတော့ ဒီတိုင်းဆိုရင်တော့ ဩဂုတ် ၊ စက်တင်ဘာ နှစ်လ ကျန်သေးတာပေါ့။ ပြည့်နိုင်မည့် အနေအထား ရှိပါတယ်။ လက်ရှိတင်ပို့နေတဲ့ အနေအထားအရ ဆိုရင် ဆက်တိုက် တင်ပို့နေတာ ဖြစ်တဲ့အတွက် ၂ ဒသမ ၄ သန်းတော့ ပြည့်သွားမယ့်အနေအထား ရှိပါတယ်။ နှစ်အစတုန်းက ၂ ဒသမ ၅ သန်းလို့ မှန်းလိုက်ပါတယ်။ ဒါပေမယ့် COVID-19 ဖြစ်လာတဲ့နောက်ပိုင်းမှာ ၂ ဒသမ ၄ သန်းအထိ လျှော့ပြီး မှန်းလိုက်တာပေါ့။ ဘာကြောင့်လဲဆိုတော့ ဧပြီလကို လုံး၀ ပိတ်လိုက်ပါတယ်။"ဟု ၎င်းကပြောကြားခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဆန်တန်ချိန်မှုတင်ပို့မှုသည် နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ မက်ထရစ်တန်ပေါင်း ၁ ဒသမ ၄ သန်းတန်နှင့် ဆန်ကွဲတင်ပို့မှုသည် နိုင်ငံပေါင်း ၅၈ နိုင်ငံသို့ မက်ထရစ်တန်ပေါင်း ၈၃၉,၉၅၆ တန် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၆၇၈ ဒသမ ၂၉၈ သန်း ရရှိခဲ့ကြောင်းသိရသည်။ ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှုအား ၂ ဒသမ ၄ သန်း တင်ပို့ရန်လျာထားသော်လည်း ဆက်လက်တင်ပို့မည့် အနေအထားများအရ မူလလျာထားသည့် ၂ ဒသမ ၅ သန်း ရောက်သွားနိုင်မည့် အနေအထားထိ မျှော်မှန်းထားကြောင်းလည်း ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်က ထည့်သွင်းပြောကြားခဲ့သည်။

ယခုဘဏ္ဍာနှစ် ဇူလိုင် ၁၇ ရက်အထိ ပြည်ပသို့ ဆန်တင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက မက်ထရစ်တန်ချိန် ၃၅၅၈၇၄ ဒသမ ၇၂၅ တန် ပိုမို တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေရရှိမှုမှာလည်း အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၀၁၆ သန်း ပိုမို ရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ယခုဘဏ္ဍာနှစ် ဇူလိုင် ၁၇ ရက်အထိ ဆန်အများဆုံးတင်ပို့ထားသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ ၊ Madagascar နိုင်ငံ ၊ ဖိလစ်ပိုင်နိုင်ငံနှင့် Cote D'ivoire နိုင်ငံတို့ဖြစ်ပြီး ဆန်ကွဲအများဆုံးတင်ပို့သည့် နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံ ၊ ဆီနီဂေါနိုင်ငံ ၊ တရုတ်နိုင်ငံ ၊ အင်ဒိုနီးရှားနိုင်ငံနှင့်နယ်သာလန်နိုင်ငံတို့ဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/28835-2020-08-05-10-11-32

## Mitsubishi ကုမ္ပဏီ မြန်မာနိုင်ငံမှာ ကားစက်ရုံတည်ဆောက်ဖို့ စဉ်းစားနေ



အရှေ့တောင်အာရှမှာ ဈေးကွက်ချဲ့ထွင်လာတဲ့ ဂျပန် Mitsubishi ကား ကုမ္ပဏီက မြန်မာနိုင်ငံမှာ ကားထုတ်လုပ်ရေးစက်ရုံတခု တည်ဆောက်ဖို့ စဉ်းစားနေတယ် လို့ Mitsubishi အမှုဆောင်အရာရှိချုပ် Takao Kato က Nikkei Asian Review သတင်းဌာနကို ပြောပါတယ်။ ဘယ်နေရာမှာ ဆောက်မလဲဆိုတာနဲ့ ဘယ်တော့ဆောက်မလဲဆိုတာတော့ မဆုံးဖြတ်ရသေးဘူးလို့ သူကပြောပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လနှောင်းပိုင်းက ထုတ်ပြန်ခဲ့တဲ့ ကုမ္ပဏီရဲ့ နှစ်လတ်စီမံကိန်း အစီအစဉ်တွေအရ Mitsubishi ကားကုမ္ပဏီက အရှေ့တောင်အာရှ ၁၀ နိုင်ငံ အဖွဲ့ဝင်နိုင်ငံတွေမှာ ဦးစားပေးဈေးကွက်ချဲ့ထွင် လာတာ ဖြစ်ပါတယ်။

ဗီယက်နမ်၊ ထိုင်း ၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာလည်း Mitsubishi ကားထုတ်လုပ်ရေး စက်ရုံတွေ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ဗီယက်နမ်မှာ နောက်ထပ် စက်ရုံတခုထပ်ပြီးတည်ဆောက်ဖို့ စဉ်းစားနေပြီးတဲ့နောက် အခုအခါ မြန်မာနိုင်ငံကိုလည်း ဒီအစီအစဉ်ထဲ ထည့်သွင်းလာတာပါ။ Mitsubishi ကုမ္ပဏီဟာဥရောပနဲ့ တခြားအရေးပါတဲ့ ဒေသတွေမှာလုပ်သား

အင်အားကိုဖြတ်တောက်ပြီး လုပ်ငန်းတွေလျှော့ချလည်ပတ်သွားမှာဖြစ်တယ်လို့လည်း Nikkei Asian Review သတင်းက ပြောပါတယ်။ ဂျပန်နိုင်ငံမှာ အခွန်ကိစ္စ တရားရင်ဆိုင်နေရချိန်မှာ လက်ဘနွန်နိုင်ငံကို လို့ဝှက် ထွက်ပြေးသွားခဲ့သူ Mitsubishi ကုမ္ပဏီဥက္ကဋ္ဌဟောင်း Carlos Ghosn လက်ထက်မှာ ကုမ္ပဏီ တိုးချဲ့တာတွေ အများအပြား လုပ်ဆောင်ခဲ့ပါတယ်။

**Source:** https://burmese.voanews.com/a/mitsubishi-car-company-factory-in-myanmar-/5532565.html

## ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်က ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများအား တတိယအကြိမ် ဖြန့်ဖြူးရောင်းချ



မြစ်ကြီးနား ဩဂုတ် ၅ သမဝါယမအသင်းသားများသည် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့်အသင်းသားများဖြစ်သည့်အပြင် တစ်ဖက်မှလည်း စားသုံးသူပြည်သူများလည်း ဖြစ်ကြသည်။ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများ၏ စိုက်ဧက ၂၀၇၄ မှ ကြက်သွန်နီ (လတ်ကြီး/လတ်သန့်) ပိဿာချိန် ၂၀၁၆၀၉၅ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပြီး ဒေသတွင်း စားသုံးမှုဖူလုံအောင် ဖြန့်ဖြူးပေးနိုင်သည့်အပြင် မြန်မာပြည်အနှံ့အပြားသို့လည်း တင်ပို့ရောင်းချနိုင်ခဲ့သည်။

ယခုအခါ ကချင်ပြည်နယ်ရှိ သမဝါယမအသင်းသားများနှင့် ဒေသခံပြည်သူများသည် ဆိပ်ဖြူမြို့နယ်မှထွက်ရှိသော ကြက်သွန်နီများကို ထပ်ခါထပ်ခါ မှာယူသည့်အတွက် တတိယအကြိမ်အဖြစ် ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ကြက်သွန်နီ (လတ်ကြီး/လတ်သန့်) ပိဿာချိန် ၆၈၀၀ အားဝယ်ယူ၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသား ပြည်သူများထံသို့ ဒေသပေါက်ဈေး ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်းရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၀ နှုန်းဖြင့် လယ်ဝယ်အရောက် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## ကသာမြို့နယ်တွင် ဝဥလုပ်ငန်းလုပ်ကိုင်သူများ ဝဥဈေးကောင်းရရှိ၍ မိသားစုဝင်ငွေတိုး



စေတီကုန်းကျေးရွာတွင် ဝဥလုပ်ငန်းကို မိသားစုစားဝတ်နေရေး အဆင်ပြေရန် တစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်သူများအနေဖြင့် ယခင်နှစ်ထက် ဝဥဈေးကောင်းရရှိပြီး မိသားစုအတွက် ပုံမှန်ဝင်ငွေရရှိကြောင်း ဝဥလုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။

ယခုနှစ် ဝဥဈေးကွက်အခြေအနေသည် ယခင်နှစ်ထက် ဈေးကောင်းရရှိပြီး မိုးတွင်းကာလတွင် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေသည့်အပြင် အမြတ်ငွေရရှိမှုသည် ပုံသေသတ်မှတ်၍မရဘဲ ရောင်းချရသည့်ဈေးနှုန်းအပေါ်မူတည်၍ အမြတ်ငွေရရှိကြောင်းသိရှိရသည်။ “ဝဥဟာ ကသာမြို့နယ်မှာရှိတဲ့ နေရာအများအပြားမှာထွက်တယ်။ ဈေးကတော့ပုံမှန်မရှိဘဲ သူတို့ပို့လာရင် ဈေးတစ်မျိုး၊ သွားဝယ်ရင် ဈေးတစ်မျိုးနှင့် ဝယ်ယူရောင်းချရတယ်။ ဒီနှစ်ကတော့ ဝယ်ယူရောင်းချရတာ ဝသား ဈေးမကျသည့်အတွက် အဆင်ပြေပြီး ဝသားရောင်းတဲ့နေရာမှာ ဈေးကျသွားရင် ဝဥကို ဝယ်တဲ့နေရာမှာ ဈေးချပြီးဝယ်ရတယ်။ ဝဥကတော့ တစ်ဆုံခြောက်ပိဿာပြုတ်ပြီး ခြောက်ပိဿာမှာ ဝသား အချိန်(၂၅)ပိဿာအထိ

ရရှိတယ်။ ဒီလုပ်ငန်းနဲ့မိုးတွင်းကာလမှာ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေတယ်” လို့ ဝဥလုပ်ငန်းလုပ်ကိုင်သူ ဦးတင်ဖုန်းက ပြောကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင် ဝဥလုပ်ငန်းလုပ်ကိုင်သူ (၈)ဦးခန့်ရှိပြီး တစ်ရွာလုံး၏ ဝဥ တစ်ရက်ဖြုန်းအားသည် အချိန်တစ်ရာအထိ ရောင်းချရကြောင်း၊ ဝသားများကို ကသာနှင့်ထီးချိုင့်မြို့နယ်များရှိကျေးရွာများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ဝဥအစိမ်းတစ်ပိဿာကို ငွေ(၁၂၀၀)ကျပ်ပေးဝယ်ပြီး စားသုံးရန်အသင့်ဖြစ်သည့် ဝသားကို တစ်ပိဿာ(၁၀၀၀၀)ကျပ် ပြန်လည် ရောင်းချရသဖြင့် ဝဥအစိမ်းတစ်ပိဿာတွင် ဝသားအနေဖြင့် ငါးပိဿာအထိထွက်ရှိကြောင်းသိရသည်။

ယခင်နှစ်က ဝသားများကို တစ်ပိဿာ ငွေကျပ်(၅၀၀၀)နှင့်(၆၀၀၀)ကြားရောင်းချရပြီး ယခုနှစ်မှာ ဝသားတစ်ပိဿာ (၁၀၀၀၀)ကျပ်အထိ ရောင်းချရကြောင်း၊ ဝဥမှ ဝသားအဖြစ်လုပ်ဆောင်ရာတွင် ဓာတုဆေးဝါးပစ္စည်းမပါဘဲ ထုံးနှင့်ဆားသာ ထည့်သွင်းပြုလုပ်ထားသည့်အတွက် စားသုံးသူများအနေဖြင့် သန့်ရှင်းကောင်းမွန်စွာစားသုံးနိုင်ကြောင်း ဝဥလုပ်ငန်း လုပ်ကိုင်သူများ ထံမှသိရှိရသည်။

**Source:** https://www.moi.gov.mm/iprd/news/2854

## ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် စီးကရက်နှင့်အရက် အခွန်နှုန်းများပြင်ဆင်မည်

၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း၌ အထူးကုန်စည်ခွန်များအနက် စီးကရက်အမျိုးမျိုးနှင့် အရက်အမျိုးမျိုးတို့၏ အခွန်နှုန်းထားများနှင့် စည်းကြပ်မှုမှလွတ်ကင်းသော ဝင်ငွေခွန်အတွက် အခွန်နှုန်းထားများအား လျှော့ချ သတ်မှတ်သင့်သည်ဟု ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော် ယနေ့ အစည်းအဝေးသို့ ပြင်ဆင်ချက်များ တင်သွင်းခဲ့ကြောင်းသိရသည်။

အဆိုပါပြင်ဆင်ချက်များအရ စီးကရက်အမျိုးမျိုး၏ အခွန်နှုန်းများကို ယမန်နှစ် ၂၀၁၉ ထက် တန်ဖိုး အဆင့်လိုက် သတ်မှတ်ချက်အပေါ် နှစ်ကျပ်စီ တိုးမြှင့်သတ်မှတ်ထားခြင်းကို တစ်ကျပ်စီလျှော့ချသင့်ကြောင်း၊ အရက်အမျိုးမျိုး၏ အခွန်များ ကိုလည်း ယမန်နှစ်ထက် တန်ဖိုး အဆင့်လိုက်သတ်မှတ်ချက်အပေါ် ၈ ရာခိုင်နှုန်း တိုးမြှင့် သတ်မှတ်ထားခြင်းကို ၆ ရာခိုင်နှုန်းသာ တိုးမြှင့် သတ်မှတ်သင့်ကြောင်းဖြင့် ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အဖွဲ့ဝင် ဒေါက်တာ မြတ်ဉာဏစိုးက တင်ပြခဲ့ခြင်း ဖြစ်သည်။ ၎င်းက “စီးကရက်နဲ့ အရက်ဟာ ကျန်းမာရေးကို ထိခိုက်နိုင်တဲ့ အမျိုး အစားတွေ ဖြစ်တဲ့ အတွက် အခွန်နှုန်း တိုးမြှင့် သတ်မှတ်ထားခဲ့ပါတယ်၊ ဒါပေမယ့် ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ COVID-19 ကပ် ရောဂါ ဘေးရဲ့ သက်ရောက်မှုအရ မြန်မာနိုင်ငံမှာ စီးပွားရေးအကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရတဲ့စက်ရုံကြီးတွေကို ပြန်လည် ထောက်ရှု ပြီးတော့ အခွန်နှုန်းထားတွေ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်” ဟု ပြောကြားခဲ့သည်။

ယခုပြင်ဆင်ရန် တင်ပြသည့် အခွန်နှုန်းထားအသစ်အရ စီးကရက် အလိပ် ၂၀ ပါ တစ်ဘူး၊ ရောင်း ဈေး ၆၀၀ ကျပ်အထိ အဆင့်ကိုးကျပ်၊ ရောင်းဈေး ၆၀၁ ကျပ်မှ ၈၀၀ ကျပ်အထိ အဆင့် ဆိုလျှင် တစ်လိပ်အတွက် အခွန် ၁၈ ကျပ်၊ ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် တစ်ထောင်အထိ အဆင့် ဖြစ်လျှင် တစ်လိပ်အတွက်အခွန် ၂၃ ကျပ်၊ ရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင် တစ်လိပ်အတွက် အခွန် ၂၆ ကျပ် ဖြစ်ကြောင်း၊ ယမန်နှစ်ကထက် တစ်လိပ် လျှင် တစ်ကျပ်စီ လျော့ကျသွားကြောင်း သိရသည်။

အရက်အမျိုးမျိုးကမူ ယခုနှစ် တင်သွင်းသည့် ဥပဒေကြမ်းအားပြင်ဆင်ခဲ့ရာ တန်ဖိုးအဆင့်အလိုက် တစ်လီတာတန်ဖိုး ၃၀၀ ကျပ်မှ တစ်ထောင်ကျပ်အထိဆိုလျှင် တစ်လီတာလျှင် ၁၈၀ ကျပ်၊ တစ်လီတာ တန်ဖိုး ၁,၀၀၁ ကျပ်မှ ၂,၀၀၀ ကျပ်အထိဆိုလျှင် တစ်လီတာလျှင် ၄၄၉ ကျပ်၊ တန်ဖိုး ၂,၀၀၁ မှ ၃,၀၀၀ အထိဆိုလျှင် တစ်လီတာလျှင် ၇၄၉ ကျပ်၊ စသည်ဖြင့် အဆင့်လိုက် အခွန်ကျသင့်မည်ဖြစ်ရာ တစ်လီတာတန်ဖိုး ၁၄,၀၀၁ ကျပ်မှ ၁၅,၀၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် တစ်လီတာလျှင် ၄,၃၄၆ ကျပ် နှင့် တစ်လီတာ တန်ဖိုး ၁၉၀၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် တစ်လီတာလျှင် တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း အခွန် ကျသင့်မည်ဖြစ်ကြောင်းသိရသည်။ ဒေါက်တာမြတ်ဉာဏစိုးက “စည်းကြပ်မှုမှ လွတ်ကင်းတဲ့ အခွန်တွေကို မနှစ်က သက်သာခွင့် ပြုခဲ့ပါတယ်၊ ဒါပေမယ့် COVID-19 ကပ်ရောဂါဘေးကြောင့် စီးပွားရေးအကျပ်အတည်းကြုံနေရတဲ့အချက်က တစ်ချက်၊ နောက်တစ်ခုက ဝင်ငွေခွန်ဥပဒေကြမ်းကို ဇူလိုင် ၁၇ ရက်နေ့ကမှ ပြည်ထောင်စု လွှတ်တော်ကို တင်သွင်းထားတာကို

ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်၊ ဆောင်ရွက်ဆဲအဆင့်မှာ အခုစည်းကြပ်မှုမှ လွတ်ကင်းနေတဲ့ ဝင်ငွေခွန်ကောက်ခံမှုကရှိနေတုန်းပါ။ ဒါကြောင့် အဲဒီဝင်ငွေခွန်ကို ၃၀ ရာခိုင်နှုန်း သတ်မှတ်မယ့်အစား အလွှာလိုက်အခွန်နှုန်းတွေကို လျှော့ချသတ်မှတ်သင့်တဲ့အတွက် ပြင်ဆင်သတ်မှတ်ချက်ကိုတင်ပြပါတယ်" ဟု ပြောကြားခဲ့သည်။

တင်ပြလာသည့် ပြင်ဆင်သတ်မှတ်ချက်အသစ်အရ ဝင်ငွေ တစ်ကျပ်မှ ကျပ် သိန်းတစ်ထောင်အထိ အခွန်နှုန်း ၆ ရာခိုင်နှုန်း၊ ကျပ် သိန်း တစ်ထောင့်တစ်မှ ကျပ် သိန်းသုံးထောင်အထိ ၁၀ ရာခိုင်နှုန်း၊ ကျပ် သိန်းသုံးထောင့်တစ်မှ ကျပ် သိန်းသုံးသောင်းအထိ ၂၀ ရာခိုင်နှုန်းနှင့် ကျပ် သိန်းသုံးသောင်းနှင့်အထက်အား ၃၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/myanmar/politics-law-military/28837-2020-08-05-11-06-28

## ယခုနှစ်အိန္ဒိယ ပဲစိုက်ဧရိယာတိုးမြင့်မှု မြန်မာ့ပဲဈေးကွက်ကို ထိခိုက်နိုင်ခြေရှိ၊ မရှိကို စောင့်ကြည့်ရမည်

မြန်မာနိုင်ငံက ပဲများကို အများဆုံးတင်ပို့နေသည့် အိန္ဒိယနိုင်ငံတွင် ယခုနှစ် ပဲစိုက်ပျိုးသည့် ဧကသုံးပုံတစ်ပုံအထိ မြင့်တက်လာသဖြင့် မြန်မာ့ပဲဈေးကွက်ကို ထိခိုက်နိုင်ခြေရှိ၊မရှိကို စောင့်ကြည့်နေကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ အိန္ဒိယနိုင်ငံ၏ မိုးရာသီ ပဲမျိုးစုံစိုက်ပျိုးမှုဧရိယာ သုံးပုံတစ်ပုံခန့်မြင့်တက်လာပြီး တန်ချိန် ၂၅ဒသမ၆သန်း အထိ ထွက်ရှိလာနိုင်ကြောင်း နှင့် ယခင်နှစ် ခန့်မှန်းအထွက်နှုန်းထက် ၁၁ ဒသမ၂ ရာခိုင်နှုန်း ပိုများနိုင်ကြောင်း အိန္ဒိယ စိုက်ပျိုးရေးဌာနကို ကိုးကားပြီး နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင်လည်း စက်တင်ဘာလပိုင်းတွင် မတ်ပဲများထွက်ရှိမည်ဖြစ်ကာ စိုက်ပျိုးမှုမြင့်တက်သဖြင့် ပဲထွက်နှုန်းမြင့်နိုင်သော်လည်း ရာသီဥတုအခြေအနေကိုလိုက်၍ ပဲထွက်ရှိချိန်ကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်ကပြောသည်။ "အထွက်နှုန်းကို ကြည့်မယ်ဆိုရင် တိုးစိုက်ရင်တိုးထွက်မယ်ဆိုပေမယ့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိမှုအခြေအနေကို ကြည့်ရမယ်။ အထွက်နှုန်းဆိုတာ စက်တင်ဘာလကနေ အောက်တိုဘာလပိုင်းထိကို ကြည့်ပြီးဆုံးဖြတ်ရမှာ။ အခုချိန်မှာတော့ တိုးစိုက်ရင် တိုးထွက်မယ်လို့ပြောနိုင်ဖို့က စောနေသေးတယ်"ဟု ၎င်းကပြောသည်။ သို့သော် အိန္ဒိယနိုင်ငံ၏ မတ်ပဲပေါ်ချိန်တွင် အထွက်နှုန်းကောင်းနေပါက ပြည်တွင်းမှ ပဲဝယ်ယူခြင်းကို လျှော့ချဝယ်ယူနိုင်သည့်အတွက် ပြည်တွင်း၌ အခြားပဲအမျိုးအစားများကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အိန္ဒိယနိုင်ငံက ပဲတိုးမြင့်စိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းထူးခြားမှုများရှိလာနိုင်သည့်အတွက် ပဲစိုက်တောင်သူများက ဈေးကွက်သတင်းအချက်အလက်များကို အလေးပေးနားထောင်ရန်လိုအပ်ကြောင်း အကြံပြုထားသည်။ လက်ရှိတွင် အိန္ဒိယက မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းကို ယခုနှစ်ဩဂုတ်လအတွင်း တင်သွင်းရန်သတ်မှတ်ထားကာ ဩဂုတ်လအတွင်း ရောက်ရှိနေပြီဖြစ်သော်လည်း ၂၀ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သောကြောင့် သတ်မှတ်တန်ချိန်အတိုင်းတင်ပို့ရန် အခက်အခဲရှိနေသည်။

လက်ရှိကိုဗစ်အခြေအနေကြောင့် အိန္ဒိယဘက်က မြန်မာ့ပဲဝယ်ယူရန် ကြန့်ကြာနေကာ မတ်ပဲတန်ချိန် လေးသိန်း အနက် ၂၀ ရာခိုင်နှုန်းသာ ဝယ်ယူနိုင်သေးကြောင်း ၊ အိန္ဒိယ နိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှု မြင့်တက်နေခြင်းကြောင့် မြန်မာ့ပဲ ဝယ်ယူရန် ကြန့်ကြာနေကာ လိုင်စင်လျှောက်ထားရာတွင် အခက်အခဲဖြစ်နေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ "အိန္ဒိယကို ပဲတွေသွားမယ်ဆိုရင်တောင် သင်္ဘောမောင်းချိန်က နှစ်ပတ်လောက်ကြာဦးမယ်။ ဩဂုတ်လလယ်လောက် မြန်မာနိုင်ငံကထွက်မှ ဟိုဘက်ကို လကုန်ပိုင်းလောက် ရောက်နိုင်မယ်။ ဒီအချိန်လောက်နဲ့တော့ ကျန်တဲ့တန်ချိန်ကို မတင်ပို့နိုင်လောက်ဘူး။ အိန္ဒိယဘက်မှာလည်း လိုင်စင်တွေကို စိစစ်ချပေးနေတာကြောင့် လိုင်စင်တွေလည်း မထွက်ဘူးဆိုတာသိရတယ်။ အချိန် နှစ်ပတ်လောက်နဲ့တော့ ကျန်တဲ့ပမာဏကို တင်ပို့နိုင်ဖို့ ခက်မယ်" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်ကပြောသည်။ တင်ပို့ခွင့်ကာလကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့်တင်ပြနေသော်လည်း လက်ရှိအချိန်ထိထူးခြားမှု မရှိသေးကြောင်းနှင့် ပဲတင်ပို့သည့်ကာလကို ၂၀၂၁ ခုနှစ်၊ မတ်လပိုင်းအထိ တိုးမြှင့်ပေးပါက အဆင်ပြေနိုင်ကြောင်းသိရသည်။

**Source: The Farmer Journal** https://www.facebook.com/myanmaawba/?ref=page_internal

## မှိုဈေးနှုန်းများကျဆင်းနေသော်လည်း ပုံမှန်စိုက်ပျိုးသူများကိုမူ ဒိုင်ဈေးမချ



မှိုထွက်နှုန်းများသည့်ရာသီဖြစ်သဖြင့် မှိုဈေးနှုန်းများ ကျဆင်းနေသော်လည်း ပုံမှန်စိုက်ပျိုးသူများကိုမူ ဒိုင်များမှဈေးမချကြောင်းသိရသည်။ မှိုဈေးကျမကျက မှိုရဲ့အရည်အသွေးအပေါ်လည်း အဓိကကျတယ်။ ဒါ့အပြင် သူများစိုက်စိုက် မစိုက်စိုက် ပုံမှန်စိုက်တဲ့လူတွေကတော့ ဖောက်သည်ငြိမ်တယ်လေ။ ဒိုင်နဲ့ဆက်ဆံတဲ့အခါမှာလည်း မျက်နှာနာတဲ့အခါကျတော့ ဒိုင်ကတော်ရုံဈေးမချတော့ဘူး။ မစိုက်တလှည့်၊ စိုက်တလှည့်နဲ့ ဒိုင်ကို မှိုမပို့လိုက်၊ ပို့လိုက်လူတွေကျတော့ ဒိုင်ကနှိမ်တာပဲလေ။ ပုံမှန်စိုက်နေကြလူဆိုတော့ ဒိုင်ကတောင် မှိုမရဘူးလားလို့ လှမ်းမေးနေတာ။ ဒိုင်တွေက သိတယ်လေ။ ဘယ်သူက တစ်ခါတရံစိုက်လဲ ဘယ်သူကအမြဲတမ်းစိုက်လဲဆိုတာ။ မှိုရှားတဲ့အချိန်မှာဆိုလည်း အမြဲတမ်းစိုက်တဲ့လူတွေဆီက မှိုရထားတာမို့ မှိုပေါတဲ့ရက်မှာဆိုလည်း အနစ်နာခံပြီး ဒိုင်ကပြန်ဝယ်ပေးတာပါဟု ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်မှ မှိုစီးပွားဖြစ်စိုက်ပျိုးသူ ကိုဇော်မျိုးအောင်ကပြောသည်။

ဇွန်လနောက်ဆုံးပတ်က မှိုဒိုင်သွင်းဈေးအနေဖြင့် ငွေနှင်းတစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ ကောက်ရိုးမှိုတစ်ပိဿာလျှင် ၆၅၀၀/၇၀၀၀ ကျပ် ဈေးရရှိခဲ့ပြီး၊ ယခုအခါ ငွေနှင်းမှိုတစ်ပိဿာလျှင် ၁၅၀၀ ကျပ်၊ ကောက်ရိုးမှိုတစ်ပိဿာလျှင် ၅၀၀၀ ကျပ်မှ ၆၀၀၀ ကျပ် ဈေးများဖြင့် လက်ကားရောင်းဝယ်နေသည်။ မှိုဈေးက ငါးရာ၊ တစ်ထောင်စီလောက်ကျနေတယ်။ မိုးလေးရွာတော့ ရာသီဥတုလေးက ကောင်းလာတော့ မှိုပျော်တဲ့ ရာသီဥတု၊ မှိုအထွက်များတဲ့ရာသီဥတုဖြစ်နေတာကိုး။ ဒီရာသီကစိုက်လို့ လွယ်တာကိုး။ လွယ်တဲ့အခါကျတော့ စိုက်ကြတာပေါ့။ စိုက်ကြတော့ မှိုတွေကပေါလာပြီး ဒိုင်ကနှိမ်တော့တာပေါ့ဟု ဒညင်းကုန်းဈေးမှ ကုန်စိမ်းရောင်းသူတစ်ဦးကပြောသည်။ ရက်တိုတိုဖြင့် အရင်းအနှီးငွေပြန်ပေါ်သည့် မှိုစိုက်ပျိုးရေးလုပ်ငန်းကို လူအများစု စိတ်ပါဝင်စားစွာစိုက်ပျိုးလာကြပြီး၊ မြန်မာနိုင်ငံတွင် ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှိုစသည့် မှိုအမျိုးအစား (၃)ခုကို အဓိကစိုက်ပျိုးထုတ်လုပ်နေသည်။

**Source:** https://greenwaymyanmar.com/posts/get_stable_price_for_regular_grower

## အိန္ဒိယနိုင်ငံတွင်း အရောင်းအဝယ်မတည်ငြိမ်မှုများကြောင့် မြန်မာပြည်တွင်း မတ်ပဲဈေးနှုန်းကျဆင်းနေ

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်ပို့လျက်ရှိနေသော်လည်း အိန္ဒိယနိုင်ငံတွင်း COVID-19 ရောဂါ ပျံ့နှံ့မှုတွေကြောင့် အရောင်းအဝယ်တည်ငြိမ်မှုမရှိတဲ့အတွက် မြန်ပြည်တွင်း မတ်ပဲဈေးနှုန်းများမှာ တစ်တန်လျှင် နှစ်သောင်းနှုန်းခန့် ကျဆင်းနေကြောင်းသိရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လဒုတိယပတ်အထိ မတ်ပဲတစ်တန်ကို ကျပ်ငွေ (၉၇၀,၀၀၀) ဝန်းကျင်အထိ ဈေးရရှိခဲ့ပေမယ့် ဩဂုတ်လဆန်းပိုင်းမှာတော့ တစ်တန်ကို ကျပ်ငွေ (၉၅၀,၀၀၀) ခန့်သာ ဈေးရရှိတော့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှသိရပါတယ်။ "ဝယ်ယူမှုက ရပ်လိုက်ဝယ်လိုက် ဖြစ်နေတယ်။ တင်ပို့မှုကို အရင်ကာလတူနဲ့ ယှဉ်ကြည့်ရင်လဲ အဲ့လောက်မကျဘူး။ ကိုဗစ်ပြင်းထန်တဲ့ ခြောက်လပိုင်း၊ ခုနှစ်လပိုင်းလောက်မှာ ပြန်ကျသွားသလို ဖြစ်နေတယ်" လို့ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ အတွင်းရေးမှူး မင်းကိုဦးက AMIA သို့ ပြောဆိုထားတာကို တွေ့ရပါတယ်။

အိန္ဒိယနိုင်ငံမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံထွက် မတ်ပဲတန်ချိန် (၄၀၀,၀၀၀) ကိုတာစနစ်ဖြင့် ဝယ်ယူတင်သွင်းဖို့ လျာထားပေမယ့် တင်သွင်းခွင့်ကို ဩဂုတ်လကုန်အထိသာ သတ်မှတ်ပေးထားပါတယ်။ မြန်မာနိုင်ငံဘက်မှ လက်ရှိ တန်ချိန် (၅၀,၀၀၀) ခန့်သာ တင်သွင်းထားရသေးတဲ့အတွက် ဒီနှစ်အတွက် အလွန်ဆုံးတင်ပို့နိုင်ပါက သတ်မှတ်ပမာဏရဲ့ ၂၅ ရာခိုင်နှုန်းဝန်းကျင်သာ တင်ပို့နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းမှာတော့ မတ်ပဲလက်ကျန် တန်ချိန် (၂၀၀,၀၀၀) မှ (၂၅၀,၀၀၀) အထိ ကျန်ရှိနေမှာ ဖြစ်တဲ့အတွက် မတ်ပဲတင်ပို့ခွင့်ကို ရက်တိုးပေးဖို့အတွက် တောင်းဆိုထားကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူကပြောပါတယ်။

**Source: AMIA** https://www.facebook.com/pissayainfo/?ref=py_c

## စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ဘဏ်များသို့ အမေရိကန်ဒေါ်လာငွေထုတ်ချေးမှု အစီအစဉ်ကို ၂၀၂၁ ခုနှစ် မတ်လအထိဆောင်ရွက်ပေးမည်

စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင် (Monetary Authority of Singapore – MAS) သည် အမေရိကန်ဗဟိုဘဏ် (Federal Reserve) နှင့် သဘောတူဆောင်ရွက်လျက်ရှိသည့် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ SWAP Facility အစီအစဉ်ကို ၃၁ – ၃ – ၂၀၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဤအစီအစဉ်သည် ဘဏ်များမှတစ်ဆင့် စင်ကာပူနှင့် ဒေသတွင်းနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများသို့ အမေရိကန်ဒေါ်လာကို ထပ်ဆင့်ထုတ်ချေးပေးနိုင်ရေး အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ဤအစီအစဉ်စတင်ခဲ့သော ၂၀၂၀ ခုနှစ်၊ မတ်လမှစ၍ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံခန့်ကို ဘဏ်များသို့ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်ဗဟိုဘဏ်၏ စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်အပါအဝင် ဗဟိုဘဏ် (၁၄) ခုတို့နှင့် ဆောင်ရွက်လျက်ရှိသော အမေရိကန်ဒေါ်လာ SWAP Facility အစီအစဉ်များသည် နိုင်ငံအသီးသီး၏ အမေရိကန်ဒေါ်လာလိုအပ်ချက်များကို အထူးပံ့ပိုးပေးကြောင်း၊ ကိုဗစ် ၁၉ ကာလ အတွင်း ငွေရေးကြေးရေးဈေးကွက်များ တည်ငြိမ်စွာ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ဗဟိုဘဏ်များ၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် များစွာအထောက်အကူပြုကြောင်း၊ ကမ္ဘာ့အမေရိကန် ဒေါ်လာငွေကြေးထုတ်ချေးမှုဈေးကွက်များ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုများကိုလည်း ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ကူညီပေးကြောင်း၊ ဤအစီအစဉ်ကို ကာလထပ်တိုးဆောင်ရွက်ခြင်းဖြင့် စင်ကာပူနိုင်ငံ၏ ငွေရေးကြေးရေးဈေးကွက်တည်ငြိမ်မှုနှင့် ဈေးကွက်အပေါ် ယုံကြည်မှုတို့ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် ဘဏ်လုပ်ငန်းစနစ်တွင် စင်ကာပူဒေါ်လာနှင့် အမေရိကန်ဒေါ်လာတို့၏ ငွေဖြစ်လွယ်မှုအဆင့်အတန်းကို အမြင့်ဆုံးအခြေအနေတွင် ဆက်လက် ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုဗစ်–၁၉ ကာလအတွင်း ဘဏ်များ၏ချေးငွေထုတ်ချေးမှုများအပေါ် ဤအစီအစဉ်က ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

နိုင်ငံတကာငွေရေးကြေးရေးဗဟိုဌာနတစ်ခုဖြစ်သော စင်ကာပူအနေဖြင့် အာရှဒေသတွင်း နယ်စပ်ဖြတ်ကျော် အမေရိကန်ဒေါ်လာငွေကြေးထုတ်ချေးမှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် ၂၀၂၀ ခုနှစ်၊ မတ်လတွင် စတင်ဆောင်ရွက်ခဲ့သော အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ SWAP Facility အစီအစဉ်မှတစ်ဆင့် စင်ကာပူဒေါ်လာနှင့်လဲလှယ်၍ရရှိမည့် အမေရိကန်ဒေါ်လာများကို လေလံစနစ်ဖြင့် စင်ကာပူရှိ ဘဏ်များသို့ ထုတ်ချေးပေးလျက်ရှိကြောင်း သိရှိရပါသည်။

**Source: The Business Times, Monetary Authority of Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## JETRO က ဂျပန်နိုင်ငံထုတ် လက်မှုပစ္စည်းများကို အင်တာနက်မှတဆင့် ချိတ်ဆက် ရောင်းချနိုင်ရန် ပံ့ပိုးကူညီမည်ဖြစ်ကြောင်းသိရ

ဂျပန်နိုင်ငံမှ JETRO အဖွဲ့အစည်းသည် ပြည်တွင်းရှိကုမ္ပဏီများကို made-in-Japan ကုန် ပစ္စည်းများ ဖြစ်ကြသည့် စာရေးကိရိယာများ၊ ပရိဘောဂများ၊ လက်မှုပစ္စည်းများနှင့် အသုံး အဆောင်ပစ္စည်းများကို အင်တာနက်မှတစ်ဆင့်ကြော်ငြာ၍ နိုင်ငံတကာမှ ဝယ်လက်များနှင့် စီးပွားရေးအပိုင်းချိတ်ဆက်မှုများဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

JETRO အဖွဲ့အစည်းသည် ပြည်တွင်းထုတ်လုပ်သူ ၁၂၁ ဦးထံမှ ကုန်ပစ္စည်း ၅၁၉ ခုကို Takumi (**"လက်မှုပညာ ဖန်တီးသူ"** ဟု ဂျပန်ဘာသာဖြင့် အမည်ရသည့်) အစီအစဉ်ကို အကောင်အထည်ဖော်ရန် စုစည်းထားကြောင်းသိရပါသည်။ JETRO အနေဖြင့် ပြည်တွင်းလက်မှုပစ္စည်း ထုတ်လုပ်သူများအတွက် ပြည်ပမှဝယ်လက်များနှင့် ချိတ်ဆက်နိုင်ရန်၊ ပြည်ပ ဈေးကွက်များသို့ ထိုးဖောက်နိုင်ရေး ဈေးကွက်ကျွမ်းကျင်သူများထံမှ အကြံဉာဏ်များ ရယူနိုင်ရန်အလို့ငှာ online system တစ်ခုကို တည်ထောင်ပေးထားပြီး Instagram ကဲ့သို့ လူမှုကွန်ယက်တွင်လည်း အဆိုပါကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရေး ဗွီဒီယို အစီအစဉ်များထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရပါသည်။

အဆိုပါ အင်တာနက်မှတစ်ဆင့် အရောင်းမြှင့်တင်မည့် ကုန်ပစ္စည်းများမှာ ချည်ထည်များ၊ သစ်သားနှင့် ပြုလုပ်သည့် လက်မှုထည်များ၊ ဖန်ထည်များ၊ သားရေဖြင့်ပြုလုပ်သည့်ပစ္စည်းများ၊ သံဖြင့်ပြုလုပ်သည့်ပစ္စည်းများ၊ ရွှံ့စေးဖြင့်ပြုလုပ်သည့် ပစ္စည်းများနှင့် ဂျပန်ရိုးရာ washi paper ဖြင့် ပြုလုပ်သည့်ပစ္စည်းများပါဝင်ပါသည်။ JETRO အနေဖြင့် အင်တာနက်မှ ညှိနှိုင်းရောင်းချခြင်းများကို ယခုဩဂုတ်လအတွင်းစတင်ဆောင်ရွက်မည်ဖြစ်ပြီး e-commerce အသုံးပြုပြီး ဝယ်ယူသူများ ဖြစ်ကြသည့် ပြင်သစ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်နှင့် တရုတ်(ထိုင်ပေ) စသည်တို့နှင့် ချိတ်ဆက်ထားကြောင်း သိရပါသည်။ အဆိုပါ ဂျပန်ပြည်တွင်း ထွက်ကုန်များကို ရောင်းသူနှင့်ဝယ်သူအကြား ချိတ်ဆက်ပြီးပါက ဝယ်ယူသူများ၏ e-commerce အင်တာနက်စာမျက်နှာများနှင့် pop-up stores တို့မှ ရောင်းချသွားမည်ဟု JETRO က ဆိုပါသည်။

ယခုဘဏ္ဍာနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုနှင့် ကြုံကြိုက်နေရချိန်အတွင်း အင်တာနက်မှ အရောင်းအဝယ် ပြုလုပ်သည့် platform တစ်ခုကို တည်ထောင်ပေးခြင်းဖြင့် ပြည်တွင်းထုတ်လုပ်သူများအတွက် အကျိုးရှိစေမည့် ရလဒ်ကောင်း တစ်ခုအဖြစ် ဖန်တီးအကောင်အထည်ဖော်ခြင်းဖြစ် ပါကြောင်းဟု ဒစ်ဂျစ်တယ်နည်းပညာ မြှင့်တင်ရေးဌာနခွဲ၏ ညွှန်ကြားရေးမှူး ဖြစ်ပြီး ယခုအစီအစဉ်ကိုဦးဆောင်မည့် Ms. Emi Teshima က ပြောကြားခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ပြည်တွင်းရှိ လက်မှုပညာလုပ်ငန်းဆောင်ရွက်သူများအား နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး စီမံခန့်ခွဲရေး၊ ရောင်းချရေးနှင့် ဆက်ဆံရေးအပိုင်းတို့တွင် ပံ့ပိုးကူညီပေးသွားမည်ဟု Ms. Emi က ဆိုပါသည်။

Takumi project သည် ယခင်နှစ်က ဂျပန်ရိုးရာနည်းပညာများ အသုံးပြုထားသည့် ရိုးရာထွက်ကုန်ပစ္စည်းမျိုးစုံဖြင့် အစပြုခဲ့ပြီး ကုမ္ပဏီ၁၀၁ ခုထံမှ ကုန်ပစ္စည်းအမျိုးပေါင်း ၂၆၀ ကို စုစည်းကာ ရောင်းသူနှင့်ဝယ်သူအကြား မျက်နှာချင်းဆိုင် ညှိနှိုင်းဆောင်ရွက်ကြသည့် ပုံစံမျိုးဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် အဆုံးသတ်သည့် ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကိုရိုနာကပ်ရောဂါပြန့်ပွားနေမှုကြောင့် ရောင်းသူနှင့်ဝယ်သူအကြား ချိတ်ဆက်ထားသည့် အရောင်းအဝယ် ၁၃၃ ခုသည် အကျပ်အတည်းကြုံခဲ့ရပါသည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံရှိ လက်မှုပစ္စည်းထုတ်လုပ်သူ ၁၈၀ ဦးခန့်သည် အဆိုပါ project တွင် ဝင်ရောက် လျှောက်ထားကြပြီး စီရင်စုဒေသ ၃၆ ခုမှ ကုမ္ပဏီ ၁၂၂ ခုသည် "Japan luxury" ဟူသည့် စံသတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း ရွေးချယ်ခံခဲ့ရကြောင်း JETRO က ပြောကြား ခဲ့ပါသည်။ ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်ထားသည့် ကုန်ပစ္စည်း ၅၁၉ မျိုးအနက် Surprise Creative Ltd. မှ ထုတ်လုပ်သော ဖူဂျီတောင်ရုပ်ပုံနှင့် ဒီဇိုင်းဖော်ထားသည့် "happi" အမည်ရ ဂျပန်ရိုးရာ အင်္ကျီ လည်းပါဝင်ကြောင်းသိရပါသည်။ အဆိုပါရိုးရာအင်္ကျီများကို ဂျပန်ရိုးရာပွဲလမ်းသဘင်များတွင် ဝတ်ဆင်ကြခြင်းဖြစ်ပါသည်။

JETRO သည် ပြည်တွင်းလက်မှုပညာရှင်များစုစည်း၍ ၎င်းတို့အကြား ကုန်ပစ္စည်းအသစ်များ တိုးတက်ဆောင်ရွက်နိုင်ရန်နှင့်ဆွေးနွေးညှိနှိုင်းနိုင်ရန် social media platform တစ်ခုကိုလည်း တည်ထောင်ပေးရန် ပြင်ဆင်နေကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းဆိုင်ရာ အမှုကိစ္စတစ်ရပ်အားရပ်စဲကြောင်း အိန္ဒိယတရားရုံးချုပ်က အမိန့်ချမှတ်ခြင်း

အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်ရှိ မိုရေးမြို့နှင့် ထိုင်းနိုင်ငံရှိ မဲဆောက်မြို့တို့အကြား ဆက် သွယ်ဖောက်လုပ်မည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရာ၌ ဥပဒေကြောင်းအရ နှောင့်နှေးကြန့်ကြာခက်ခဲမှု ဖြစ်ပေါ်စေလျက်ရှိသည့် စာချွန်တော်လျှောက်ထားမှုဆိုင်ရာကိစ္စရပ်တစ်ခုအား အိန္ဒိယတရား လွှတ်တော်ချုပ်က ၂၈.၇.၂၀၂၀ နေ့တွင် ကြားနာစစ်ဆေးလျက် အမှုအားဆိုင်းငံ့သည့်အမိန့်ကို ချမှတ်လိုက်ခြင်းဖြင့် ရှင်းလင်း ဖယ်ရှားပေးခဲ့ကြောင်း Hindustan Times သတင်းဌာန၏ ဖော်ပြချက်အရသိရှိရပါသည်။

၂၉.၈.၂၀၁၆ နေ့တွင် အဆိုပါ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့ရာ၌ တမူး-ကြည်ကုန်း-ကလေးဝ ချဉ်းကပ်

လမ်းပိုင်းဖောက်လုပ်မှုအပါအဝင် အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ တံတား ၆၉ စင်းအား တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းလည်းပါဝင်ခဲ့ပါသည်။ ရူပီးငွေ ၂၉၃၉ သန်းကျော်ကုန်ကျမည့် ၎င်းစီမံကိန်းလုပ်ငန်း၌ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနသို့ စီမံခန့်ခွဲရေး အတိုင်ပင်ခံဝန်ဆောင်မှု (Project Management Consultancy) ထောက်ပံ့ပေးရန် အိန္ဒိယနိုင်ငံရှိ Ircon ISL လီမိတက်က ၂၆.၁၀.၂၀၁၇ နေ့၌ စာချုပ်ချုပ်ဆိုခဲ့ပြီး အင်ဂျင်နီယာလုပ်ငန်း၊ ဝယ်ယူရေးနှင့်တည်ဆောက်ရေး လုပ်ငန်းများ (Engineering, Procurement & Construction – EPC) ဆောင်ရွက်ရန် မွန်ဘိုင်းမြို့ အခြေစိုက် Niraj Cement Structurals လီမိတက်နှင့် မဏိပူရ်ပြည်နယ်ရှိ Manipur Tribal Development Corporation လီမိတက်တို့ ပူးပေါင်းသည့် NCSL-MTDCL JV ဖက်စပ်လုပ်ငန်းအဖွဲ့က တင်ဒါအောင်မြင်လျက် ၈.၁၁.၂၀၁၇ နေ့တွင် ကန်ထရိုက်စာချုပ်ချုပ်ဆိုခဲ့ကြသည်။ သို့သော် ၎င်းဖက်စပ်လုပ်ငန်းအဖွဲ့အနေဖြင့် လုပ်ငန်းစတင်သည့် ၂၈.၁၁.၂၀၁၇ နေ့မှ ၁၃ လ ကြာမြင့်သည့်တိုင် တစ်စုံတစ်ရာမျှ ဆောင်ရွက်နိုင်ခြင်းမရှိပဲ ပျက်ကွက်လျက်ရှိသဖြင့် ၂၄.၁၂.၂၀၁၈ နေ့တွင် EPC စာချုပ်ရုပ်စဲခြင်းကို အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက Ircon ISL အတိုင်ပင်ခံ လီမိတက်မှတစ်ဆင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ ကန်ထရိုက် စာချုပ်ရုပ်စဲမှုအပေါ် NCSL-MTDCL JV အဖွဲ့က ၂၉.၁၂.၂၀၁၈ နေ့တွင် မဏိပူရ်ပြည်နယ်တရားရုံးချုပ်၌ အမှုဖွင့်လှစ်ရင်ဆိုင်ခဲ့ရာ ၎င်းတရားရုံးက စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်မှုမရှိကြောင်းဖော်ပြလျက် အမှုစွဲဆိုထားရှိခြင်းကို ၂၉.၃.၂၀၁၉ နေ့၌ ပယ်ချခဲ့သည်။ သို့ဖြစ်ရာ ၎င်းဖက်စပ်လုပ်ငန်းအဖွဲ့က မဏိပူရ်ပြည်နယ် အယူခံတရားရုံး၌ စာချွန်တော်လျှောက်ထားမှု ထပ်မံဖွင့်လှစ်ခဲ့ရာမှ အမှုပြီးပြတ်နိုင်ခြင်းမရှိပဲ တင်ဒါအသစ်ခေါ်ယူလျက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးမှာ ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းလုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အိန္ဒိယအစိုးရ၏ အရှေ့လှမ်းမူဝါဒနှင့်အညီ ဖွံ့ဖြိုးမှုအထောက်အပံ့များပေးအပ်ရေး အစီအစဉ်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ အဆိုပါစီမံကိန်းအား ဆောလျင်စွာပြီးစီးရန် မျှော်လင့်ရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ၂၄.၆.၂၀၂၀ နေ့တွင် ဗဟိုအစိုးရထံ စာရေးသားတင်ပြခဲ့ကြောင်း၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနမှ ဗဟိုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားတင်ပြရာတွင် မဏိပူရ်ပြည်နယ်တရားရုံး၌ အမှုကြန့်ကြာလျက်ရှိခြင်းက အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအပေါ် ထိခိုက်မှုရှိလာနိုင်ပြီး နိုင်ငံဖြတ်ကျော်၍ ဆက်သွယ်မှုကွန်ယက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား လုပ်ဆောင်ရာတွင် အိန္ဒိယနိုင်ငံ၏ပုံရိပ်ကိုလည်း ကျဆင်းစေနိုင်သည်ဟု ဖော်ပြခဲ့ကြောင်း၊ ယခုအမှုအား တရားလွှတ်တော်၌ ကြားနာစစ်ဆေးရာတွင် အိန္ဒိယအစိုးရဘက်မှ ရှေ့နေချုပ် Mr. KK Venugopal ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်းဖြင့် Hindustan Times သတင်းဌာနက ရေးသားဖော်ပြပါသည်။

**Source:** 1. Supreme Court clears hurdle in highway connecting India, Thailand, 30 Jul 2020, Hindustan Times

2. Annual Report 2018-2019 of IRCON Infrastructure and Services Limited

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## တရုတ်မှထွက်ခွာလာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်ရေး အင်ဒိုနီးရှားကြိုးပမ်းလာ

အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးတင်းမာမှု နောက်ခံအကြောင်းတရားနှင့်အတူ လက်ရှိကပ်ရောဂါစတင်ဖြစ်ပွားမှုအပေါ် အပြန်အလှန်ပုတ်ခတ်မှုအခြေအနေများကြောင့် တရုတ်နိုင်ငံမှထွက်ခွာလိုကြသည့် ကုန်ထုတ်လုပ်သူများကို ဆွဲဆောင်နိုင်ရန်အတွက် အင်ဒိုနီးရှားအနေဖြင့် Central Java စီရင်စုနယ်မြေ၏ မြောက်ဘက်ကမ်းရိုးတန်းတွင် အကောင်အထည်ဖော်တည်ဆောက်နေသော မြေအကျယ်အဝန်း ဟက်တာ ၄,၃၀၀ ရှိသည့် Batang စက်မှုမြေကွက်စီမံကိန်းဖြင့်လည်းကောင်း၊ လုပ်ငန်းများ၏ လိုင်စင်ခွင့်ပြုချက်လျှောက်ထားမှုလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူမှုရှိစေရေး ပြုပြင်ပြောင်းလဲထားမှုအခြေအနေတို့ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှု များ ဖိတ်ခေါ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

Batang စက်မှုမြေကွက်စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော အရှေ့တောင်အာရှတွင် အကြီးဆုံးကျောက်မီးသွေးအသုံးပြု လျှပ်စစ်စွမ်းအားထုတ်လုပ်သည့်စက်ရုံကို ၂၀၁၉ ခုနှစ်တွင် စတင်လည်ပတ်

ထုတ်လုပ်လျက်ရှိပြီဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် ဆိပ်ကမ်းတည်ဆောက်ခြင်း စသည့် အခြေခံအဆောက်အအုံပိုင်း တိုးတက် လာရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ Batang တွင် တရားဝင်သတ်မှတ်ထားသော အနည်းဆုံး လုပ်ခသည် အင်ဒိုနီးရှားမြို့တော် Jakarta တွင် သတ်မှတ်ထားသောလုပ်ခ၏ ၄၀ ရာခိုင်နှုန်းနီးပါး သက်သာကြောင်း၊ အစိုးရသည် ဌားရမ်းခများအတွက် တစ်နှစ်အထိ ကင်းလွတ်ခွင့်ပေးမည့်အစီအစဉ်များပါဝင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ စိစစ်အကဲဖြတ်မှုများကိုလည်း ပုံမှန် (၆)လ ဆောင်ရွက်ခြင်းအစား ယခုအခါ (၂)လဖြင့် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများတွင် အွန်လိုင်းမှတစ်ဆင့် ခွင့်ပြုချက်ထုတ်ပေး သည့် လုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရေးဆောင်ရွက်ထားခြင်းနှင့် ပိုမိုရှင်းလင်းသော စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်ခြင်းတို့လည်း ပါဝင်ကြောင်း၊ အနည်းဆုံးရင်းနှီးမြှုပ်နှံမှုပမာဏ လိုအပ်ချက်နှင့်စပ်လျဉ်း၍လည်း အဖြူအမည်း ကွဲပြားစေရန် စည်းမျဉ်းစည်းကမ်းများကို စုစည်း ပေးထားကြောင်း အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှုဆိုင်ရာညှိနှိုင်းရေးဘုတ်အဖွဲ့က ပြောကြားပါသည်။

အင်ဒိုနီးရှားရှိ ပြည်တွင်းသတင်းမီဒီယာများ၏ဖော်ပြချက်အရ တရုတ်မှရွှေ့ပြောင်းလုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၇)ခုကို ဘုတ်အဖွဲ့က အောင်မြင်စွာ ဆွဲဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁၇)ခုသည်လည်း အင်ဒိုနီးရှားသို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရန် အပြီးသတ်ဆုံးဖြတ်သွားမည့်အခြေအနေတွင်ရောက်ရှိနေကြောင်း ဖော်ပြထား ပါသည်။ ထိုင်ဝမ်အခြေစိုက် Audio ပစ္စည်းကိရိယာထုတ်လုပ်သော Meiloon ကုမ္ပဏီနှင့် တာယာပစ္စည်းထုတ်လုပ် သော Kenda ကုမ္ပဏီ၊ ဂျပန်ရာဘာပစ္စည်းထုတ်လုပ်သည့် Sagami ကုမ္ပဏီ၊ ဂျပန်ကားအစိတ်အပိုင်းထုတ်လုပ်သော Denso ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် Light Product ထုတ်လုပ်သော Alpan ကုမ္ပဏီတို့သည် လူအများ၏ပြောကြားချက်အရ ပြောင်းရွှေ့ ဆောင်ရွက်ရန် အတည်ပြုထားပြီးဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီများအနက် Alpan ကုမ္ပဏီသည် တရုတ်တွင်ထုတ်လုပ်သည့် ၎င်း၏ပစ္စည်းများကို အမေရိကန်က အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံသည့်အတွက် အင်ဒိုနီးရှားသို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း ဖော်ပြထားပါသည်။

အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘုတ်အဖွဲ့မှ ထုတ်ပြန်သောသတင်းအရ တောင်ကိုရီးယား ကုမ္ပဏီ LG နှင့် ဂျပန်နိုင်ငံ ၏ အီလက်ထရွန်နစ်ပစ္စည်းကုမ္ပဏီ Panasonic တို့အပါအဝင် စက်ရုံအသစ် (၇) ခုသည် အင်ဒိုနီးရှားတွင် အမေရိကန်ဒေါ်လာ ၈၅၀ သန်းကို ရင်းနှီးမြှုပ်နှံ၍ အလုပ်အကိုင် ၃ သောင်းကို ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းကို လျှော့ချ နိုင်ရန်အတွက် တစ်နှစ်လျှင် အလုပ်အကိုင် ၉ သန်းအထိ ဖန်တီးပေးနိုင်သော နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်သွားနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး၊ ၂၀၂၀ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၆.၇၈ ဘီလီယံ ဝင်ရောက် ခဲ့ကြောင်းနှင့် ယခင်နှစ်အလားတူကာလတွင် ရရှိခဲ့သော အမေရိကန်ဒေါ်လာ ၇ ဘီလီယံထက် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ဘုတ်အဖွဲ့သည် တရုတ်နိုင်ငံမှ ထွက်ခွာလာမည့်လုပ်ငန်းများကို တိတိကျကျ သတ်မှတ်နိုင်ရန်နှင့် ဖိတ်ခေါ်သွားနိုင်ရန်အတွက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ထားပြီး၊ အင်ဒိုနီးရှားသို့ ပြောင်းရွှေ့ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်မှုအတွက် မိမိတို့သည် ဒေသ တွင်းရှိ အခြားနိုင်ငံများနှင့်အပြိုင်အဆိုင် ဆောင်ရွက်သွားရမည်ဟု ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

# STOCK EXCHANGE (6.8.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 6th Aug. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,500 | 10,500 | 10,000 | 144 | 1,506,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 4,491 | 17,028,300 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 31 | 251,100 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 3 | 66,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 42 | 119,700 | 12,823,224 | 36,546 |
| EFR | 00006 | 3,000 | +150 | +5.26% | 2,900 | 3,000 | 2,900 | 329 | 981,000 | 19,977,223 | 59,932 |

As of 6th Aug. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.33 | -7.98 | -1.79% | 446.98 | 447.41 | 436.99 | 5,040 | 19,952,600 | 6 | 652,222 |

### Index chart




## Market Overview

As of 1:00 pm, 6th Aug. 2020

| MYANPIX | 438.33 ▼ 7.98 |
|---|---|
| Total Volume (shares) | 5,040 |
| Total Value (MMK) | 20 mil |
| Listed Company | 6 |
| Market Cap. (MMK) | 652,222 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 3,000 | ▲ 150 |